# သူးလေ

## သတင်းစာစောင်

အတွဲ (၁) အမှတ်စဉ် (၁)




WELCOME TO KAW THOO LEI

ဗဟို၊ ကောအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ စည်းရုံးရေးနှင့်ပြန်ကြားရေးဌာန၊
ပညာပေးရေး နှင့် ဖွဲ့စည်းတည်ဆောက်ရေးဌာနခွဲ မှ ထုတ်ဝေသည်။

# မာတိကာ


၁. အယ်ဒီတာအာဘော်......................................................................................................................................၁
၂. ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ ရည်မှန်းချက်၊ လုပ်ဆောင်ချက်၊ ရည်ရွယ်ချက်၊ ခံယူချက် နှင့် တန်ဖိုးထားမှုများ..........................၁
၃. လက်ရှိမြန်မာနိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ သတင်းထုတ်ပြန်ကြေညာချက် ..........................၂
၄. တပ်မတော်မှနိုင်ငံတော်အာဏာကိုသိမ်းယူမှုနှင့်ပတ်သက်၍ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး၏သဘောထားထုတ်ပြန်ကြေညာချက်....၃
၅. တပ်မတော်မှ အာဏာကို သိမ်းယူပြီးနောက် ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ချက် .........................................၄
၆. တပ်မတော်မှ အပြစ်မဲ့ပြည်သူများအား လေကြောင်းဖြင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှု နှင့် ပတ်သက်၍ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး၏
သဘောထားထုတ်ပြန်ကြေငြာချက် ..........................................................................................................................................၆
၇. မြန်မာနိုင်ငံအပေါ် စစ်တပ်မှ အာဏာသိမ်း ယူလိုက်မှုနှင့် ရှေ့နိုင်ငံရေးအလားအလာ ......................................................................၇
၈. ဘ၀တူစည်းလုံးမှုသည်သာ အဓိက ...................................................................................................................................... ၁၀
၉. ကြယ်လ အမှောင်ဖုံးတဲ့ ဆယ်နှစ်အလွန် ချစ်သူများ နေ့........................................................................................................ ၁၁
၁၀. မိုလ်မူးကြီးစောဒဲဖိုး ၏ ကိုယ်ရေးအတ္ထုပ္ပတိအကျဉ်း......................................................................................................... ၁၂
၁၁. ကြယ်တစ်ပွင့် ကြွေခဲ့သော ချစ်သူများနေ့ ......................................................................................................................... ၁၃
၁၂. အနှိုင်းမဲ့ကဗျာ.................................................................................................................................................................. ၁၃
၁၃. အနီရောင်သန်းတဲ့ နှလုံးသား ............................................................................................................................................ ၁၃
၁၄. ဓားမြှောင်လေး တစ်လက်အကြောင်း ...................................................................................................................................... ၁၃
၁၅. ခ့ၣ်အဲၣ်ယူၣ်–ကညီဒီကလုာ်စၢဖှိၢကရၢ တၢ်ကွၢ်စိ❟တၢ်ပညိၣ်❟ ခိၣ်တဃာ်တၢ်တူၢ်ခိၣ်ဟ်သး❟မူဒါတၢ်မၤဒီးတၢ်ဟ်လုၢ်ဟ်ပှၢ်တဖၣ်.........၁၄
၁၆. ဒုးန့ၢ်က့ၤ ပကိၢ်သူလ့ၤ.................................................................................................................................................................၁၄
၁၇. ကညီပိာ်မုၣ်ကရၢ တီခိၣ်ရိၣ်မဲ ဒီးမၤဟိၣ်ခိၣ်ဒိဘ့ၣ်ပိာ်မုၣ်မုၢ်နံၤ လၢ ကညီလီၢ်ကဝီၤဒီးဘၣ်ကီဘၣ်ခဲဒဲကဝီၤတဖၣ် ...................................၁၅
၁၈. ကိၢ်ပယီၤသုးမုၢ်ဒိၣ်ဟံးန့ၢ်ဆူၣ် တၢ်စိတၢ်ကမီၤဝံၤအလီၢ်ခံ ခ့ၣ်အဲၣ်ယူၣ်–ကညီဒီကလုာ်စၢဖှိၣ်ကရၢဟိၣ်ကဝီၤပူၤ တၢ်မၤအသးတဖၣ်..........၁၆



**သူလ့ၤလံာ်တၢ်ကစီၣ်**

တၢ်ထုးထိၣ်အီၤလၢ – ခ့ၣ်အဲၣ်ယူၣ်–ကညီဒီကလုာ်စၢဖှိၣ်ကရၢ၊ တၢ်ကစီၣ်ဒီးတၢ်ဘိးဘၣ်ရၤလီၤ ဝဲၤကျိၤ (လီၢ်ခၢၣ်သး)

တၢ်ထုးထိၣ်အီၤမုၢ်နံၤ – လါမ့ၤ ၂၀၂၁ နံၣ်

ထုးထိၣ်နီၣ်ဂံၢ် – ၁ တဘ့ၣ်

တၢ်ဆဲးကျိး

- Email: kawthooleidoi_2008@yahoo.com

ပှၤတဂၤလၢ်လၢ် မ့ၢ်အဲၣ်ဒိးဆှၢထိၣ်တၢ်ကွဲး ဆဲးကျိးဘၣ်ဖဲ တၢ်ဆဲးကျိးလၢထးသ့ နှၣ်လီၤ.


**ခ့ၣ်အဲၣ်ယူၣ်–ကညီဒီကလုာ်စၢဖှိၣ်ကရၢလီၢ်ခၢၣ်သး တၢ်ရၤလီၤတၢ်ကစီၣ်ဖိးသဲစးတဖၣ်**

1. KNU Website (www.knuhq.org)

2. Thoolei New Facebook Page (https://www.facebook.com/KNUDOIHQ/)

3. KNU YouTube Channel (https://www.youtube.com/channel/UCAvvRrZh5bq1ft8GiH4BReQ)

4. KNU Headquarter Facebook Page (https://www.facebook.com/knuheadquartersofficial)

# အယ်ဒီတာအာဘော်

ယနေ့ ပြုပြင်ပြောင်းလဲနေသည့် ခေတ်စနစ် နှင့်အတူ နိုင်ငံရေး အရွေ့တစ်ခုတွင် ကရင်တစ်မျိုးသားလုံး၏ ပါဝင်လုပ် ဆောင်နေမှုများကို အချင်းချင်း မျှဝေဖလှယ်သည့် အသွင်သဏ္ဍာန်ဖြင့် သော်လည်းကောင်း၊ လိုအပ်လျှက်ရှိသည့် ကြားခံသတင်း အချက်အလက်များ ရရှိနိုင်ရန်အတွက်သော် လည်းကောင်း၊ သူးလေသတင်း စာစောင်ကို ၂၀၁၂ မေလ မှစတင်၍ ထုတ်ဝေလိုက်သည်။

ဤသတင်းစာစောင်သည် ကေအဲန်ယူ- ကရင်အမျိုးသား အစည်းအရုံး စည်းရုံးရေးနှင့် ပြန်ကြားရေး ဌာန (ဗဟို) မှ ထုတ်ဝေဖြန့်ချိခြင်း ဖြစ်ပြီး အထူးသဖြင့် ကရင်အမျိုးသားထုတစ်ရပ်လုံးနှင့်အတူ အခြားသောတိုင်းရင်းသား လူမျိုးများသည်လည်း ကေအဲန်ယူ၏ရပ်တည်ချက်၊ လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးဦးဆောင် ဦးရွက်ပြု နေမှုများကို သိရှိနားလည်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထို့အတူ နိုင်ငံရေးအပြောင်းအလဲ အပေါ်တွင် ကေအဲန်ယူ၏ သဘောထားများ၊ ထုတ်ပြန်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ မှတ်တမ်း များကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။ ၎င်းအပြင် အဓိကကျသော မည်သည့်အာဏာရှင်စနစ်ကိုမဆို အပြီးတိုင် ပျက်သုန်း စေရေးအတွက် ရဟန်းရှင်၊ လူ၊ ပြည်သူလူထု တစ်ရပ်လုံး နှင့်အတူ ကေအဲန်ယူ သည်လည်း ဒွန်တွဲ ရပ်တည် ၍ လုပ်ဆောင်သွား မည်ဖြစ်သည်။

ဤခံယူချက်၊ ရပ်တည်ချက်၊ မူဝါဒများနှင့် လုပ်ဆောင်ချက်များကို အခြေခံ၍ထုတ်ဝေသော သူးလေသတင်း စာစောင် သည်လည်း တိုင်းရင်းသားပြည်သူများအတွက် သတင်းအချက်အလက်များ စုစည်းတင်ပြသွားခြင်း ဖြစ်ပေသည်။ အမှန်တရားအတွက် ရပ်တည်သော စစ်မှန်သည့် တော်လှန်ရေး မှချအောင်မြင်ရမည်။

## ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ ရည်မှန်းချက်၊ လုပ်ဆောင်ချက်၊ ရည်ရွယ်ချက်၊ ခံယူချက် နှင့် တန်ဖိုးထားမှုများ

### ရည်မှန်းချက်

ကရင်အမျိုးသားသည် လူမျိုးတစ်မျိုး၏ လက္ခဏာနှင့် ဂုဏ်သိက္ခာပြည့်ဝသော အေးချမ်းသာယာပြီး လွတ်လပ်သော အခွင့်အရေး အပြည့်အဝရှိခြင်း၊ ခေတ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုး တက်စေခြင်းကိုရယူစေလိုသည်။

### လုပ်ဆောင်ချက်

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးသည် ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေးဦးဆောင်မှု၊ အစည်းအရုံးရှေ့ဆောင်ဦးစီးမှု၊ အမျိုးသားလွတ်မြောက်ရေး နှင့် အမျိုးသားများ မျှော်မှန်းချက်နှင့်အညီ လှုပ်ရှားမှုများကို ဦးစီး ဆောင်ရွက်သောအဖွဲ့အစည်း တစ်ရပ်ဖြစ်သည်။

### ရည်ရွယ်ချက်များ

(၁) ကရင်အမျိုးသားများ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော အခွင့်အရေးများကို ရရှိခံစားနိုင်ရန်။

(၂) တရားမျှတသော အကျယ်အဝန်းရှိ၍ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည့် ကော်သူးလေ (ခ) ကရင်ပြည် (ဝ်) ကရင်ပြည်နယ်ကို ဖွဲ့စည်းတည် ထောင်ရန်။

(၃) ဒီမိုကရေစီနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည့် ပြည်နယ်ပေါင်းစု ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန်။

(၄) ကရင်ပြည်နယ် နှင့် ပြည်ထောင်စုအတွင်းရှိ ကရင်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံး ဒီမိုကရေစီ အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်ရန် တို့ဖြစ်သည်။

### ခံယူချက်များ

ကရင်အမျိုးသားများ ခုခံတော်လှန်ရေး၏ အဓိက အခြေခံမူသည် ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဥက္ကဌ စောဘဦးကြီးမှ ချမှတ်ပေးခဲ့သော အောက်ပါအဓိက အခြေခံမူ ကြီး (၄) ရပ်ပင်ဖြစ်ပါသည်။

(၁) လက်နက်ချ အရှုံးပေးစကား အလျှဉ်း မပြောရ။

(၂) ကျွန်ုပ်တို့ လက်နက် ကျွန်ုပ်တို့ လက်ထဲတွင်ရှိရမည်။

(၃) ကရင်ပြည် အသိအမှတ်ပြုခြင်း ပြီးပြည့်စုံစေရမည်။

(၄) ကရင့်နိုင်ငံရေးကံကြမ္မာ ကရင်ဖန်တီးရမည်။

### တန်ဖိုးထားမှုများ

မိမိတို့၏ စံတန်ဖိုးထားမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) တည်ငြိမ်အေးချမ်းခြင်း – Stability,

(၂) ငြိမ်းချမ်းသာယာခြင်း – Peace,

(၃) စည်းလုံးညီညွတ်ခြင်း – Unity

(၄) လွတ်မြောက်ခြင်း – Liberty

(၅) ရိုးသားခြင်း – Honesty

(၆) ဧည့်ဝတ်ပျူငှာခြင်း – Hospitality

(၇) သာယာဝပြောခြင်း – Prosperity

(၈) ရိုးရာဓလေ့ထုံးတမ်းများကို မြတ်နိုးခြင်း – Culture Identity

(၉) တန်းတူညီမျှမှု – Equality

(၁၀) ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေး ကို မြတ်နိုးခြင်း – Rights to self-determination

(၁၁) လွတ်လပ်မှု – (Freedom ) နှင့်

(၁၂) ဒီမိုကရေစီ – (Democracy) တို့ဖြစ်သည်။

ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

ရက်စွဲ – ဇန္နဝါရီလ (၂၉) ရက်၊ ၂၀၂၁ ခုနှစ်

## လက်ရှိမြန်မာနိုင်ငံရေး အခြေအနေနှင့် ပတ်သက်၍ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ သတင်းထုတ်ပြန်ကြေညာချက်

၁။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ကြမည့် ပြည်ထောင်စုပေါ်ထွန်းရန်၊ လွတ်လပ်ပြီး အေးချမ်းသာယာဝပြောသော နိုင်ငံတော်တည်ဆောက်ရန် ဒီမိုကရေစီ အသွင်ကူပြောင်းခြင်း လုပ်ငန်းစဉ်ဖြင့် ချီတက်နေကြချိန်တွင် အနုတ်လက္ခဏာဆောင်သော ပြဿနာဖြေရှင်းသည့်လုပ်ရပ်အားလုံးကို သက်ဆိုင်သူများမှ အစွမ်းကုန် ရှောင်ရှားကြရပါမည်။ ပြည်ထောင်စုနှင့် ပြည်သူလူထုတို့၏ အကျိုးစီးပွားကို ရှေ့ရှုပြီး ငြိမ်းချမ်းစွာ ညှိနှိုင်းဆောင်ရွက်အဖြေရှာသွားခြင်းသည် လက်ရှိနိုင်ငံရေး အကြပ်အတည်း၏ လိုအပ်မှုဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲတိုင်း၏ အရှုံး၊ အနိုင် ရလဒ်နှင့် တရားမျှတမှုကို တောင်းဆိုကြခြင်းသည် ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်ခြင်းကြောင့် လက်ရှိရွေးကောက်ပွဲနှင့် ပါတ်သက်သည့် အငြင်းပွားမှုများအားသက်ဆိုင်ရာ အစုအဖွဲ့များမှ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့အပေါ် အခြေခံပြီး ဆင်ခြင်တုံတရားနှင့်အညီ ညှိနှိုင်းဖြေရှင်းစေလိုပါသည်။ အဓိက အားဖြင့် ဒီမိုကရေစီအနစ်သာရကို မပျက်ပြယ်စေပဲ အပြန်အလှန် လေးစားအသိအမှတ်ပြုမှုကို အခြေခံရန် လိုအပ်ပါသည်။

၃။ မြန်မာနိုင်ငံသည် သာမန်နိုင်ငံရေးပြဿနာများနှင့် နိုင်ငံရေးအကြပ်အတည်းများ၏ သမရိုးကျစိန်ခေါ်မှုများကိုသာ ရင်ဆိုင်နေရသည်မဟုတ်ပါ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်တန်းတူရေး၊ ကွဲပြားစုံလင်သော တိုင်းရင်းသားများ၏ ဖြစ်တည်မှု နှင့် ဝိသေသလက္ခဏာများ ပါဝင်သည့် ကျယ်ပြန့်သည့် ပြဿနာရပ်များဖြင့် ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လတ်တလော နိုင်ငံရေးအကြပ်အတည်းကို ကျော်လွှားရာတွင် အာဏာလွန်ဆွဲမှုကို ကျော်လွန်ပြီး ပြည်ထောင်စုပေါ်ထွန်းရေးနှင့် ဒီမိုကရေစီ စံချိန်စံနှုန်းများကို အလေးထားသည့် သက်ဆိုင်ရာ အစုအဖွဲ့များ အားလုံးပါဝင်မည့် မျက်နှာစုံညီ ညှိနှိုင်းနိုင်သည့် အခင်းအကျင်းတစ်ခု အရေးပေါ် လိုအပ်နေပါသည်။

၄။ ထို့ကြောင့် လက်ရှိအကြပ်အတည်းကို ကျော်လွှားနိုင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ထွန်းလာစေရန် သက်ဆိုင်ရာ အစုအဖွဲ့များ အားလုံးပါဝင်မည့် မျက်နှာစုံညီ ညှိနှိုင်းနိုင်သည့် အရေးပေါ်အစည်းအဝေးတစ်ခုကို အမြန်ဆုံး ခေါ်ယူရန် တောင်းဆိုလိုက်ပါသည်။

**ဆက်သွယ်ရန်–** (၁) ပဒိုစောကွယ်ထူးဝင်း (+၉၅ ၉၄၂၂၁၉ ၁၉၄၁) (+၆၆ ၈၁၈ ၀၇၆ ၂၇၉)
(၂) ပဒို စောတာဒိုမူး (+၉၅ ၉၇၉၅၈၈ ၇၀၈၅) (+၆၆ ၆၄၆ ၄၅၉ ၁၁၃)

*******

**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

ရက်စွဲ- ဖေဖော်ဝါရီလ(၂)ရက်၊ ၂၀၂၁ ခုနှစ်

## တပ်မတော်မှ နိုင်ငံတော်အာဏာကို သိမ်းယူမှု နှင့် ပတ်သက်၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် တပ်မတော်မှ နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် နှင့် NLD ပါတီခေါင်းဆောင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များအပါအဝင်၊ ဒီမိုကရေစီရေး လှုပ်ရှားတက်ကြွသူများနှင့် အစိုးရ အဖွဲ့ဝင်များအား ဖမ်းဆီးထိန်းသိမ်းပြီး နိုင်ငံတော်အာဏာကို သိမ်းယူလိုက်ခြင်းအပေါ် အထူးပင်စိုးရိမ်မိပြီး မြန်မာနိုင်ငံ၏ အနာဂတ်အတွက် လွန်မင်းစွာ ပူပန်မှုဖြစ်ပေါ်ရပါသည်။

၂။ ဤသို့ တပ်မတော်မှ နိုင်ငံတော်အာဏာကို သိမ်းယူလိုက်ခြင်းသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် အား ကြီးမားစွာ အဟန့်အတားဖြစ်စေပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းသည့် လုပ်ငန်းစဉ် အပေါ် လေးနက်မှုမရှိကြောင်းကို ပြသခြင်းဖြစ်ကာ စိန်ခေါ်မှုများစွာရှိနေသော နိုင်ငံ၏ ရှေ့အနာဂတ်အရေးကို ဆိုးဝါးစွာ ထိခိုက်စေမည်ဖြစ်ပါသည်။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်နေရာတွင် ယခုအခါ တပ်မတော်မှ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို စတင်သည့်အနေဖြင့် နိုင်ငံခေါင်းဆောင်များနှင့် ဒီမိုကရေစီရေး တက်ကြွလုပ်ရှားသူများ အပါအဝင် ဖမ်းဆီးထိန်းသိမ်းထားသူများ အားလုံးကို ချွင်းချက်မရှိ လွှတ်ပေးပြီး နိုင်ငံရေး ပြဿနာအရပ်ရပ်ကို ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာရန် အလေးအနက် တောင်းဆိုပါသည်။

၄။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ဒီမိုကရေစီ အသွင် ကူးပြောင်းရေးအတွက် တိုင်းရင်းသားပြည်သူလူထုတရပ်လုံးနှင့် အတူတကွ ရပ်တည်သွားမည်ဖြစ်ကြောင်း ထုတ် ပြန်အပ်ပါသည်။

ဆက်သွယ်ရန်- (၁) ပဒိုစောကွယ်ထူးဝင်း (+ ၉၅ ၉၄၂ ၂၁၉ ၁၉၄၁) (+၆၆ ၈၁၈ ၀၇၆ ၂၇၉)
(၂) ပဒိုစောတာဒိုမူး (+၉၅ ၉၇၉ ၅၈၈ ၇၀၈၅) (+၆၆ ၆၄၆ ၄၅၉ ၁၁၃)

**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

## တပ်မတော်မှ အာဏာကို သိမ်းယူပြီးနောက်
## ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ - ဖေဖော်ဝါရီလ (၁၄) ရက်၊ ၂၀၂၁ ခုနှစ်။

၁။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် (၂၀၂၁)ခုနှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် တပ်မတော်မှ တိုင်းပြည် အာဏာသိမ်းယူခဲ့သည့်နောက် ဖြစ်ပေါ်လာသည့် သက်ရောက်မှုအားလုံးကို စဉ်ဆက်မပြတ် စောင့်ကြည့်နေပါသည်။

၂။ ဤအာဏာသိမ်းယူခြင်းသည် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်းဖြေရှင်းသည့် ယဉ်ကျေးမှုကို သွေဖီစေသည့်လုပ်ရပ်ဖြစ်ပြီး ထိုသို့တိုင်းပြည်အာဏာ သိမ်းယူခဲ့ခြင်းသည် အာဏာရှင်စနစ် သက်ဆိုးရှည်စေခြင်းကို ဦးတည်နေသည့်အတွက် ဆန့်ကျင်ပါသည်။

၃။ စစ်အာဏာသိမ်းယူမှုအား တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ အကြမ်းမဖက်ဘဲ ဆန္ဒထုတ်ဖော် ဆန့်ကျင်မှုများအား KNU မှ ထောက်ခံအားပေးပြီး အကူအညီ အကာအကွယ်ပေးသွားမည်ဖြစ်သည်။ ဆက်လက်၍လည်း အကြမ်းမဖက်ဘဲ ဆန္ဒထုတ်ဖော်နေခြင်းများကို ထိန်းသိမ်းလုပ်ဆောင်ခြင်း၊ အကြမ်းဖက်မှု ဖြစ်ပွားရေး လှုံ့ဆော်မှုများတို့အား ရှောင်ရှားကြခြင်း နှင့် ဘက်ပေါင်းစုံမှ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ကြရန် အားပေးတိုက်တွန်းပါသည်။

၄။ ပြည်သူလူထုမှ ပေါက်ဖွားလာသည့် မြန်မာရဲတပ်ဖွဲ့၊ မြန်မာတပ်မတော်တို့သည်လည်း တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး ပါဝင်ဆင်နွှဲသော အာဏာရှင်ဆန့်ကျင်တိုက်ဖျက်ရေး သပိတ်အပေါ် အကြမ်းဖက်ဖြိုခွင်းခြင်း၊ ဖမ်းဆီးခြင်း၊ နေရော ညပါ နေအိမ်ပြင်ပတွင်သော်လည်းကောင်း၊ နေအိမ်များတွင်သော်လည်းကောင်း ဝင်ရောက် ဖမ်းဆီးခြင်း၊ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပြည်သူလူထုအကြား ရုန်းရင်း ဆန်ခတ် ဖြစ်ပေါ်စေသည့် အပြုအမူလုပ်ဆောင်မှုများတို့ကို ရပ်တန့်ရန် နှင့် မပြုလုပ်ရန် တောင်းဆို ပါသည်။

၅။ အပြည်ပြည်ဆိုင်ရာ နိုင်ငံအသီးသီးတို့မှလည်း မိမိတို့၏ သံတမန်ရေးရာ ချဉ်းကပ်မှုနည်းလမ်းပေါင်းစုံကို အသုံးပြုလျက် ဖမ်းဆီးထိန်းသိမ်းခံရသူများအားလုံး လွတ်မြောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို မျှော်ရည်သော မြန်မာတပ်မတော်နှင့် အာဏာလက်လွှတ်ခဲ့ရသည့် အစိုးရတို့အကြားတွင် ညှိနှိုင်းဆွေးနွေး

အဖြေရှာကြသည့်အခင်းအကျင်းကို အောင်မြင်ရရှိနိုင်ရေးအတွက် အင်အားစိုက်ထုတ် ကူညီမှုများ ပြုလုပ်ရန် တိုက်တွန်း နိုးဆော်ပါသည်။

၆။ ထို့အပြင် အာဏာသိမ်း တပ်မတော်အင်အားစု၏ ထိပ်တိုက်ရင်ဆိုင်မှုနှင့် အကြမ်းဖက်မှုဒဏ်ကိုခံစားရသည့် တိုင်းပြည်တဝှမ်း၊ မြို့ပြ၊ ကျေးလက်ဒေသအားလုံးမကျန်၊ ဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူလူထုများအား လူသားချင်းစာနာထောက်ထားသည့် ထောက်ပံ့ကူညီမှုများ ရောက်ရှိစေရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းများတို့ကို အသုံးချရန် KNU မှ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအားလုံးတို့ကို တိုက်တွန်းပါသည်။

၇။ လက်ရှိနိုင်ငံရေး အကြပ်အတည်းသည် သမိုင်းကြာရှည် တည်ရှိလာခဲ့သည့် ဖြေရှင်းပေးနိုင်ခြင်းမရှိသော တိုင်းရင်းသား တန်းတူညီမျှမှုရရှိရေး တောင်းဆိုမှုပြဿနာ နှင့် ဆယ်စုနှစ်များစွာပင် ဖြစ်ပေါ်နေသည့် အရပ်ဘက်-စစ်ဘက်အကြား ဆက်ဆံရေးအား ပြေလည်အောင် ဆွေးနွေးညှိနှိုင်းနိုင်ခြင်း မရှိသည့် အဆုံးတွင် ပေါက်ကွဲလာသည့် ပြဿနာ ဖြစ်ပါသည်။ ဤပြဿနာများဖြေရှင်းနိုင်ရန် ပါဝင်ပါတ်သက်နေသည့် အစုအဖွဲ့များအားလုံး ပါဝင်သည့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုဖြင့် ဒီမိုကရေစီရေး၊ တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ကို ရရှိသည်အထိ အဖြေရှာကြရန် တိုက်တွန်းပါသည်။

၈။ တဘက်တွင်လည်း မြန်မာ့တပ်မတော်မှ KNU နယ်မြေအတွင်း တဖက်သတ်ကားလမ်းဖောက်လုပ်မှုနှင့် ဆက်စပ်ပြီး စစ်ဆင်ရေးတစ်ရပ်အနေဖြင့် အထူးအလေးထား လုပ်ဆောင်နေခြင်းကြောင့် တပ်မတော်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြား ထိပ်တိုက်ရင်ဆိုင်မှုများ နှင့် တိုက်ပွဲများဆက်လက် ဖြစ်ပွားနေပြီး ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ရသူ (IDPs)များ ဖြစ်ပေါ်နေပါသည်။ ထိုသို့ ဒုက္ခရောက် ပြည်သူများအပေါ် KNU အနေဖြင့် လိုအပ်သည့် မည်သည့်ကိစ္စရပ်များမဆို အကာအကွယ်ပေး ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှလည်း နယ်စပ်ဖြတ်ကျော်အကူအညီ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား အရှိန်မြင့်ကူညီလုပ်ဆောင်ပေးသွားရန် တိုက်တွန်းပါသည်။

၉။ ထို့ကြောင့် KNU အနေဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်း နည်းလမ်းသည်သာ အပစ်အခတ်ရပ်စဲရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် ထူထောင်ရေးကို ဆောင်ကြဉ်း ပေးနိုင်မည်ဖြစ်ကာ တိုင်းရင်းသား ပြည်သူလူထုအားလုံး၏ လွတ်လပ်မှု၊တန်းတူ မှုနှင့်တရားမျှတမှုကို အာမခံသော . ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသစ် ကို ဖန်တီးဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်-

(၁) ပဒိုစောကွယ်ထူးဝင်း (+၉၅ ၉၄၂ ၂၁၉ ၁၉၄၁) ၊ (+၆၆ ၈၁၈ ဝ၇၆ ၂၇၉)
(၂) ပဒိုစောတာဒိုမူး (+၉၅ ၉၇၉ ၅၈၈ ၇ဝ၈၅) ၊ (+၆၆ ၆၄၆ ၄၅၉ ၁၁၃)
(၃) ပဒိုစောလှထွန်း (+၉၅ ၉၂၇၂ ၇၃၂ ၈၆၂) ၊ (+၆၆ ၉၄ဝ ၃၅၁ ၈၈ဝ)

ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး

ဗဟိုဌာနချုပ်

ကော်သူးလေ

www.knuhq.org

## တပ်မတော်မှ အပြစ်မဲ့ပြည်သူများအား လေကြောင်းဖြင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှု နှင့် ပါတ်သက်၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ကြေငြာချက်

ရက်စွဲ - ဧပြီ (၁) ရက်၊ ၂၀၂၁ ခုနှစ်။

၁။ ၂၀၂၁ ခုနှစ် မတ်လ(၂၇)ရက်နေ့မှ စတင်၍မတ်(၃၁)ရက်နေ့အထိ တပ်မတော်၏ အာဏာသိမ်းစစ်အုပ်စုမှ သာလွန်အင်အားအသုံးပြုကာ လေတပ်၏ ဂျက်တိုက်လေယာဉ်များသည် လေကြောင်းမှနေ၍ မူတြော်(ဖါပွန်) ခရိုင် နှင့် ညောင်လေးပင်ခရိုင်များရှိ ပြည်သူလူထုတို့၏ နေထိုင်ရာကျေးရွာများတို့အား ပစ်မှတ်ထားပြီး ဗုံးကြဲ တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည့် လုပ်ရပ်များအား ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှ ပြင်းထန်စွာ ရှုံ့ချ ကန့်ကွက်သည်။

၂။ အဆိုပါ လူသားမဆန်စွာဖြင့် အရပ်သားများအပေါ် ပြုလုပ်ခဲ့သောလုပ်ရပ်များကြောင့် လူမမယ် ကလေးငယ်၊ ကျောင်းသားများအပါအဝင် ပြည်သူလူထုပေါင်းများစွာအား သေဆုံးစေခဲ့ပြီး စာသင်ကျောင်း၊ လူနေအိမ်များ၊ ကျေးရွာများအား ပျက်စီးစေကာ ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများအား ပြောင်ပြောင်တင်းတင်း ချိုးဖောက်မှု ဖြစ်သည့် အကြမ်းဖက်လုပ်ရပ် အဖြစ် တပ်မတော်၏ အာဏာသိမ်းစစ်အုပ်စုအား ရှုံ့ချ ပါသည်။

၃။ လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူလူထု(၁၂၀၀၀)ကျော်သည် ပြည်တွင်းနေရပ် စွန့်ခွာထွက်ပြေးစေမှုအသစ်အဖြစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခက်အခဲ နှင့် အကြပ်အတည်းကို ဖန်တီး ဖြစ်ပေါ်စေသည်။

၄။ လက်နက်မဲ့ အရပ်သားများအပေါ် ဤသို့ အကြမ်းဖက်မှုဖြစ်သည့် လုပ်ရပ်များ ပြုလုပ်နေသည့် တပ်မတော်အား ဖျက်အားပြင်း လက်နက်ကြီး၊ လက်နက်ငယ်များ၊ လူသတ်နည်းပညာများ၊ လေကြောင်းတိုက်ခိုက်မှုသုံး တိုက်လေယာဉ်များ တို့ကို ရောင်းချခြင်းအား နိုင်ငံတကာမှ ပိတ်ဆို့ပေးရန် မေတ္တာရပ်ခံသည်။

၅။ တပ်မတော်၏ အာဏာသိမ်း စစ်အုပ်စုသည် ဤသို့သော လုပ်ရပ်များဖြင့် ပြည်တွင်းစစ်အား ပိုမိုနက်ရှိုင်းစွာ ဖြစ်ပေါ်ရေးသို့ တွန်းပို့နေပြီး နိုင်ငံ၏ စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်ရေး နှင့် လွပ်လပ်ရေးအား အလုံးစုံ ပျက်သုန်းရေးသို့ ဦးတည်လုပ်ဆောင်နေပါသည်။

၆။ ယဉ်ကျေးသည့် လူ့အခွင့်အရေးကို ဆန့်ကျင်ဖျက်ဆီးနေသည့် အာဏာသိမ်းစစ်အုပ်စုအပေါ် တိုင်းရင်းသား ပြည်သူလူထုနှင့် နိုင်ငံတကာမှ ပြင်းပြင်းထန်ထန်ဆန့်ကျင်ရှုံ့ချပြီး ပိတ်ဆို့အရေးယူမှုပြုရန် တောင်းဆိုအပ် ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်-

(၁) ပဒိုစောကွယ်ထူးဝင်း (+၉၅ ၉၄၂ ၂၁၉ ၁၉၄၁)၊ (+၆၆ ၈၁၈ ၀၇၆ ၂၇၉)

(၂) ပဒိုစောတာဒိုမူး (+၉၅ ၉၇၉ ၅၈၈ ၇၀၈၅) ၊ (+၆၆ ၆၄၆ ၄၅၉ ၁၁၃)

# မြန်မာနိုင်ငံအပေါ် စစ်တပ်မှ အာဏာသိမ်း ယူလိုက်မှုနှင့် ရှေ့နိုင်ငံရေးအလားအလာ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ဗမာတပ်မတော်မှ ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကို ရွေးကောက်ပွဲ ကော်မရှင် နှင့် NLD အစိုးရမှ တာဝန်ယူ၊ တာဝန်ခံမှု မရှိ ဟု စွပ်စွဲကာ (၁) ရွေးကောက်ပွဲရလဒ်ဆိုင်ရာ မဲပြန်လည်ရေတွက်မှုပြုလုပ်ရန်၊ (၂) ထိုကာ လအတွင်း တတိယအကြိမ် လွှတ်တော် ကျင်းပမှုအား ရွှေ့ဆိုင်းထားပေးရန် (၃) အမျိုးသား ကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီ ခေါ်ယူရန် ဆိုသည်များတို့ကို လုပ်ဆောင်ပေးရန် NLD အစိုးရအား တောင်းဆို၊ ညှိနှိုင်း သော်လည်းညှိနှိုင်းမှု အထမမြောက်ခဲ့သဖြင့် အဓမ္မ အာဏာလွှဲပြောင်းရယူမှု ပြုလုပ်ခဲ့ရသည်ဟု အာဏာ သိမ်း စစ်တပ်မှ ဆိုခဲ့ပြီး အဆိုပါ အာဏာလွှဲပြောင်းရယူမှု သည်လည်း (၁) နှစ်တာ ကာလမျှ သာဖြစ်ပြီး ရွေးကောက်ပွဲ အသစ်ကျင်းပခြင်း၊ အာဏာလွှဲပြောင်းခြင်းများ ဆက်လက် ပြုလုပ်သွားမည်ဟုကြေညာခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်၏ အာဏာအရပ်ရပ်ကိုသိမ်းယူပြီး လိုက်သည့်နောက်ပိုင်း ကရင်အမျိုးသားထုအတွင်း၊ ကရင်နိုင်ငံရေးပါတီအတွင်း၊ ကရင်လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများအတွင်း၊ ကရင်လူမှုအဖွဲ့အစည်းများ အတွင်း၊ ကရင်ဘာသာရေး အသင်းအဖွဲ့များအကြားအာဏာသိမ်းမှုအပေါ် မတူညီသည့်ရှုထောင့်ပေါင်းစုံမှ မိမိတို့ပါဝင်ပါတ်သက် နေရသည့် အခန်းကဏ္ဍအပေါ် အခြေခံရင်း ရှေ့ဆက် ဖြစ် ပေါ်လာမည့် ကရင်အမျိုးသားတို့၏ အမျိုးသားရေးနှင့် အနာဂါတ် နိုင်ငံရေးရပ်တည်ချက်များအတွက် စဉ်းစားမှု အဖုံဖုံ ပုံစံအမျိုးမျိုးတို့ဖြင့် စဉ်းစားသုံးသပ် နေကြသည်ကို တွေ့ရမည်ဖြစ် သည်။

## မြန်မာနိုင်ငံအတွင်း စစ်တပ်မှ အာဏာသိမ်းယူမှုများ

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက ၂၀၂၀ ခုနှစ်အထိ စစ်တပ်မှ အာဏာသိမ်းယူခဲ့သည်ဖြစ်စဉ်သည် ၁၉၆၂ ခုနှစ်တွင် တကြိမ်၊ ၁၉၈၈ ခုနှစ်တွင် တကြိမ်၊ ၂၀၂၁ ခုနှစ်တွင် တကြိမ် စုစုပေါင်း (၃) ကြိမ်ရှိခဲ့သည်။ ၁၉၆၂ မှသည် ၁၉၈၈ ခုနှစ်အထိ စစ်တပ်၏ စစ်အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်း (၂၆) နှစ်ကြာမြင့် ခဲ့သည်။ ၁၉၈၈ ခုနှစ်မှသည် ၂၀၁၀ အထိ (၂၂) နှစ်ကြာမြင့်ခဲ့သည်။ လွတ်လပ်ရေးရပြီး အချိန်မှ၍ ကနေ့အထိဆိုလျှင် နှစ်ပေါင်း (၇၃) နှစ်အထိရှိခဲ့သော်လည်း စစ်အာဏာရှင် စနစ်အောက်တွင် နှစ်ပေါင်း (၅၀) နီးပါး သက်ရှင်နေထိုင်ကြခဲ့ရသည်။ အရပ်သားအစိုးရ အနေဖြင့်အုပ်ချုပ်ခဲ့သည့်သက်တမ်းမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် (၁၀) နှစ်တခုနီးပါး နှင့် ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ (၁၀) နှစ် တခုနီးပါးမျှဖြင့် ဒီမိုကရေစီစနစ်ကိုပုံဖော်မှုဖြင့် နှစ်ကြိမ်သာတည်ဆောက်နိုင်ခွင့်ရခဲ့ကြသည်။ ဒီမိုကရေစီအခြေခံကို ရေရှည်တည်ဆောက်ထားနိုင်မည့် အခွင့်အရေးလုပ်ငန်းစဉ်များကို ဆုံးရှုံးခဲ့ရသည် ချည်းသားဖြစ်ခဲ့ကြသည်။

## ၂၀၂၁ ခုနှစ်တွင် ဘာကြောင့် အာဏာသိမ်းမှု ဖြစ်ပေါ်ခဲ့ရသလဲ

ဗမာတပ်မတော်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို (၁၉၉၂–၁၉၉၆) ခုနှစ်အတွင်း တစ်ကြိမ် (၂၀၀၃–၂၀၀၈) ခုနှစ်အတွင်းတစ်ကြိမ်ဖြင့် စုစုပေါင်း (၁၆) နှစ်တာကာလအတွင်း စိတ်ကြိုက် ရေးဆွဲ ခဲ့ပြီး တပ်မ တော် မှ အမြဲတမ်းအသာစီး ရမည် ဖြစ်သော အခြေခံများဖြင့် တပ်မတော်၏လွှတ်တော်တွင် (၂၅%) ရရှိထားသော အခွင့်အာဏာအရ အမတ်ဦးရေနှင့်ပြုလုပ်ကျင်းပမည့် ရွေးကောက်ပွဲတိုင်းတွင် တပ်မတော်ကျောထောက်နောက်ခံ ပါတီဖြစ် သည့် USDP မှ အနိုင်ရနိုင်မည့် ကိုယ်စားလှယ် ဦးရေတို့ကို ပေါင်းစပ်ကာ မြန်မာ့နိုင်ငံရေးတွင် တသက်လုံးလွှမ်းမိုး ကြီးစိုးရန် တပ်မတော်မှ ရည်ရွယ်ထားပါသည်။




သို့သော် ၂၀၂၀ရွေးကောက်ပွဲကာလမတိုင်မီ တပ်မတော်၏ နိုင်ငံရေးအရ အမှားအယွင်းများ ပြုလုပ်ခဲ့သည့် အပေါ်၊ NLD သည် ကောင်းမွန်စွာ အသုံးချခဲ့သည့်အတွက် လူထုကလည်း နောက်ထပ် စစ်အာဏာရှင် မဖြစ်ပေါ်လာရေး NLD ကို စုပုံကာ ပြန်လည်မဲပေး ခဲ့ပါသည်။ ထို့ကြောင့် USDP ၏ မူလအနိုင်အမာထောက်ခံမှုရရှိထားသည့် အခြေခံနယ်မြေမှ ကိုယ်စားနေရာတစ်ချို့ကိုပါ ဆုံးရှုံးမှုဖြစ်စေခဲ့ကာ NLD ပါတီသည် မဲဆန္ဒနယ်အများစုကို အနိုင်ရသွားပြီးနောက် အစိုးရဖွဲ့ပိုင်ခွင့် ရရှိလာသွားခြင်း၊ UEC ၏ ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ အစိုးရ၏ Covid-19ကပ်ဘေးကာလ၊မမျှတသည့်မဲဆွယ်စည်းရုံးရေး ဆိုင်ရာလုပ်ရပ်များမှု၊ ဒေါ်အောင်ဆန်းစုကြည်၏ ရရှိထားသည့် နိုင်ငံရေးအသာစီးရထားမှုအပေါ် အလျှော့ပေးလိုက် လျှော့လိုစိတ်နည်းပါးခြင်း၊ စသည်တို့သည် မူလကပင်ကွဲပြားနေသည့် NLD နှင့် USDP အပါအဝင်၊ တပ်မတော်တို့အကြား ရှိနေသည့် နိုင်ငံရေး အာဏာလွန်ဆွဲမှုအား ပိုမိုထိပ်တိုက် တွေ့စေသည့်အခြေအနေသို့ တွန်းပို့ခဲ့ပါသည်။

ဤအချက်များအရ မြန်မာပြည်၏ အနာဂါတ်နိုင်ငံရေးတွင် တပ်မတော်မှ ဆက်လက်ပြီးလွှမ်းမိုးထားလိုပါက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို မိမိလိုလားသည့် အနေအထား ရရှိရေး ပြန်လည်ပြင်ဆင်ရန်လိုပြီး လက်ရှိ ကာလ NLD အစိုးရ မဖွဲ့နိုင်ရေးသည် ၎င်းတို့အတွက် သေရေးရှင်ရေး ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့်ကြုံတွေ့ရလာနိုင်ခြေရှိသည့် စိန်ခေါ်မှု များကို သိလျက်ဖြင့် စစ်အာဏာ သိမ်းခဲ့ ခြင်း ဖြစ်သည်ဟု ယူဆလို့ရသည်။

## တပ်မတော်၏ စစ်အာဏာသိမ်းမှုနှင့် လက်ရှိအခြေအနေ

စစ်အုပ်စုမှ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အာဏာအရပ်ရပ်ကို သိမ်းယူ လိုက်ပြီး နောက် ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် Roadmap ဆိုင်ရာလုပ်ငန်းစဉ် ၅ ချက်ကို ချမှတ်ခဲ့ပါသည်။ Roadmap ၏ အချက် ၃ နှင့် ၄ အရ တိုင်းရင်းသားပါတီ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို စီးပွားရေးအရ အခွင့်အရေးပေးအပ်ခြင်း၊ ရာထူးနေရာ ပေးခြင်းဖြင့် ဆွဲဆောင်ရန် စဉ်းစားနေသည်ကို တွေ့ရသော်ငြားလည်း ၂၀၂၁ ဖေဖော်ဝါရီလ ၂၆ တွင် ပြုလုပ်သည့် ရွေးကောက်ပွဲကော်မရှင်သစ် ဥက္ကဋ္ဌ ဦးဆောင်သော ကော်မရှင်အသစ်နှင့် နိုင်ငံရေးပါတီ(၃၅) ပါတီတို့အကြား ပြုလုပ်သည့် အစည်းအဝေးတွင် ၎င်းမှ နိုင်ငံ၏ အာဏာ (၃) ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ကိုင်ထားလိုက်ပြီးဖြစ်သည့်အတွက် ယခင် လွှတ်တော်နှင့် ယခင် ရွေးကောက်ပွဲ ရလဒ် ပျက်ပြယ် သွားပြီး ဟု ပြောဆိုခဲ့ပါသည်။

ပြည်သူလူထုများအနေဖြင့် ကနေ့ဦးတွင် လမ်းပေါ်ထွက် ဆန္ဒထုတ် သပိတ် လှုပ်ရှား မှုများသည်တပ်မတော်မှရွေးကောက်ပွဲ ရလဒ်ကိုလျစ်လျူ ရှုခြင်း၊ စစ်အာဏာသိမ်းယူခြင်း၊ သမ္မတဦးဝင်းမြင့်၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် လှုပ်ရှားတက်ကြွသူများအား ဖမ်းဆီးထိန်းသိမ်းထားခြင်းတို့ကြောင့် မကျေနပ်မှုများက ရုတ်ခြင်းဖြစ်ပေါ်လာကာ စစ်အာဏာသိမ်းယူမှုကို ဆန့်ကျင်သည့် ငြိမ်းချမ်းစွာဖြင့် ဆန္ဒကိုထုတ်ဖော်ခြင်းများ ပေါ်ပေါက်ခဲ့ပါသည်။

ထိုမှတစ်ဆင့် Generation Z ဟုခေါ်သော အသက် ၂၀ နှစ်အောက် လူငယ်များမှ စစ်အာဏာသိမ်းယူခြင်းသည် ၎င်းတို့၏ အနာဂတ်ကို ဖျက်ဆီးခြင်းဖြစ်သောကြောင့် အနာဂတ်တွင်မည်သည့် အာဏာရှင်ပုံစံမဆို မပေါ်ပေါက်ရေး

အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး တိုက်ပွဲဝင်ရမည်ဟူသော ခံယူချက်ဖြင့် နွေဦးတော်လှန်ရေး နှင့်အတူ အရေးတော်ပုံ အောင်မြင်ရေးအတွက် တက်ကြွစွာပါဝင်ခဲ့ကြပါသည်။




စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းစွာဖြင့် ဆန္ဒထုတ်ဖော်ပြသသည့် အထွေထွေသပိတ် တိုက်ပွဲများနှင့် ပတ်သက်ပြီး မတူညီသည့် အစုအဖွဲ့များ ဖြစ်သည့် CRPH ဦးဆောင်သော NLD ကို ထောက်ခံသည့် ပြည်သူလူထုများ၊ အထွေထွေသပိတ် ပူးပေါင်းဆောင် ရွက်ရေးကော်မတီ GSCC လူမျိုးစုံအထွေထွေသပိတ်ကော်မတီ (GSCN) စစ်အာဏာရှင်ဆန့်ကျင်ရေးဆိုင်ရာ ပူးပေါင်းကော်မတီ Anti - Junta Movement Myanmar တို့နှင့်ဒေသဆိုင်ရာ အာဏာရှင်ဆန့်ကျင်ရေးအဖွဲ့များတို့သည် လက်ရှိတွင် GSCB ကိုစုဖွဲ့ထားလျက်အာဏာသိမ်းစစ်တပ် နှင့်ရဲတို့၏အကြမ်းဖက်ဖိနှိပ်မှုများ၊ သတ်ဖြတ်မှုများ၊ ဖမ်း ဆီးမှုများ စဉ်ဆက်မပြတ်ရှိခဲ့သော်လည်း Generation Z တို့သည် Generation X, Y တို့ နှင့် အတူ ပြည်သူအားဦးဆောင်ကာ လူထုဆန္ဒပြမှုမှာ နေ့စဉ်နှင့်အမျှ ပုံစံ အမျိုးမျိုးဖြင့် ဖြစ်ပေါ်လျက်ရှိနေသလို ၎င်းတို့ အပေါ်ပြုလုပ်သည့် အကြမ်းဖက် ဖိနှိပ်မှုများသည်လည်း အလွန်ပင် လူသားမဆန်သည့် ပုံစံများဖြင့် ဆက်လက်ဖြစ်ပေါ်နေပါသည်။

လက်ရှိတွင် အာဏာသိမ်း စစ်တပ်အုပ်ချုပ်ရေးကို လက်မခံဘဲ အုပ်ချုပ်ရေး ယန္တရားကိုလည်ပတ်စေနိုင်ခြင်း မရှိစေရန် CDM လှုပ်ရှားမှုများနှင့် စစ်တပ်မှ အာဏာသိမ်းမှုကြောင့်စစ်အာဏာရှင်စနစ်အောက်သို့ ပြန်လည်ရောက်ရှိသွားမည်ကို လုံးဝလက်မခံကြသော G-Z တို့၏ ဆန္ဒဖော် ထုတ်မှုတွေကြောင့် ပြည်တွင်းတွင် သပိတ်မှောက်ဆန္ဒဖော်ထုတ်မှုများအား ကြောက်ရွံ့ ထိတ်လန့်မှုဖန်တီးကာ ဆန္ဒမပြရဲစေရေးအတွက် သတ်ဖြတ်မှု၊ နှိပ်စက်မှု၊ ဖျက်ဆီးမှု၊ ထိတ်လန့်စေမှုများကို နေရာအနှံ့ပြုလုပ်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

အာဏာသိမ်း စစ်အုပ်စုမှ အုပ်ချုပ်ရေးအာဏာ စိုက်ထူနိုင်ရေးအတွက် ရပ်ကွက် အုပ်ချုပ်ရေးမှူးများကို ၎င်းတို့အား ထောက်ခံသူများကို အခြေခံပြီးခန့်အပ်ခြင်း၊ အဓမ္မ အုပ်ချုပ်ရေးသွတ်သွင်းခြင်းတို့ကို ပြုလုပ်နေသော်လည်း ပြည်သူလူထုများတို့သည် လက်မခံဘဲ ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းများဖြင့် ရပ်တည်သွားရန် ကြိုးစားနေခြင်း၊ စစ်အုပ်စုခန့်အပ်ထားသည့် ရပ်ကျေးအုပ်ချုပ်ရေးမှူး အချို့တို့သည် အသက်သေဆုံးသည်အထိ လူထုမှ လက်မခံနိုင်မှုကို ဖော်ပြနေခြင်း၊ ပြည်သူလူထု၏ လုံခြုံရေးအတွက် ရပ်ကွက်များတွင် စစ်တပ်မှ မဝင်ရောက်နိုင်ရေး တားဆီးမှုများတို့ကို နည်းပုံစံအမျိုးမျိုးဖြင့် ကန့်ကွက်လုပ်ဆောင်နေလျက်ရှိနေသည်။

နိုင်ငံရေး သတ်ကွင်းအရ NLD ပါတီကို အဓိကထားလျက် NLD ပါတီဝင်များကိုလည်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ထောင်သွင်းအကျဉ်းချမှုတို့ဖြင့် NLD ကို နိဂုံးချုပ် စေရေးအတွက် အဓမ္မလုပ်ဆောင်နေပါသည်။ အခြားနိုင်ငံရေးပါတီများကိုလည်း ဆွဲဆောင်နေသည့်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာစနစ် ပြောင်းလဲမှုအဖြစ် အချိုးကျ ကိုယ်စားပြုမှုစနစ် (Proportional Representative) ကိုအစားထိုးပြုပြင်ကာ၎င်းတို့စိတ်ချရသည့် အချိန်တစ်ခုတွင် ရွေးကောက်ပွဲအသစ်ပြုလုပ်ပြီး စစ်တပ်မှ ထာဝရ နိုင်ငံရေးတွင် ထိန်းချုပ်နိုင်ခြင်း လမ်းကြောင်းကို ဖန်တီးနေပါသည်။

## တပ်မတော်၏ စစ်အာဏာသိမ်းယူမှု အပေါ်ထားရှိသည့် တိုင်းရင်းသား လက်နက်ကိုင်များ၏ သဘောထား

စစ်တပ်မှ အာဏာသိမ်းယူမှု အပေါ်တွင် တိုင်းရင်းသား လက်နက်ကိုင်တော် လှန်ရေး အဖွဲ့များ တို့မှလည်း ပုံစံအမျိုးမျိုးဖြင့် ကောက်ချက်ချယူမှုများရှိနေသည်။ ကေအဲန်ယူ အနေဖြင့် တပ်မတော်၏ စစ်အာဏာသိမ်းယူမှု အပေါ်တွင် တပ်မတော် သည် ရွေးကောက်ပွဲ ရလဒ်အပေါ် အငြင်းပွားပြီး ဖြစ်ပေါ်သော အာဏာသိမ်းခြင်း မဟုတ်ဟု ရှုမြင်သည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အာဏာလက်လွှတ် ရနိုင်ခြေရှိခြင်းနှင့် တပ်မတော်မှ နိုင်ငံရေးတွင်ဆက်လက်ဦးဆောင်နိုင်ရေးအတွက် အလားအလာနည်းပါးခြင်း၊ တပ်မတော်၏ အကျိုးစီးပွားကိုထိခိုက်လာနေခြင်း နှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အပေါ် နိုင်ငံရေးဖိအား၏ သက်ရောက်မှုအတွက် ထွက်ပေါက် ရှာခြင်းလဲဖြစ် သည်။ ICC နှင့် ICJ အရေးယူမှုများသည် တပ်မတော် Institution အား ပြုပြင်ပြောင်းလဲရန် လုပ်ဆောင်ခြင်း အထိ ဦးတည်သည်ဟု တွေ့မြင်ရသည်။

တရုတ်ကို နောက်ခံထား၊ အခြေပြုရသည့် မြောက်ပိုင်းအဖွဲ့ (FPNCC) အနေဖြင့် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံ မူဝါဒအပေါ်သာ အခြေခံပြီး မိမိသက်ဆိုင်ရာ မူဝါဒကိုချမှတ်ရပါသည်။ သို့ဖြစ်၍ ကေအဲန်ယူ အနေဖြင့် မည်သည့် အကြောင်းပြချက်နှင့်မဆို နိုင်ငံတော် အာဏာကို သိမ်းယူလိုက်သည့် စစ်အာဏာ သိမ်းမှုအား ကေအဲန်ယူ မှဆန့်ကျင်သည်။ ၎င်းတို့၏တရားဝင်မှုဖြစ်စေသည့် လုပ်ဆောင်မှုမျိုးကို မပြုရ၊ လက်ရှိပြည်တွင်းရေး အကျပ်အတည်းသည်ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံ သည့် ပြည်ထောင်စုကို မတည်ဆောက်နိုင်သည့်နိုင်ငံရေးအရင်းခံ ပြဿနာမှ ပေါ်ပေါက်ရခြင်းဖြစ်သည်။ NLD အစိုးရ နှင့်တပ်မတော် ၂ ဖွဲ့လုံးက ၂၀၀၈ ကိုကိုင်စွဲပြီး အာဏာရယူရေးကိုအခြေပြုသည့် အငြင်းပွားမှု နောက်ဆုံး ထွက်ပေါ်လာရသည့် ရလဒ်ဖြစ်သည်။ ကေအဲန်ယူ အနေဖြင့် ဤနိုင်ငံရေးအကျပ်အတည်းကို နိုင်ငံရေးအခွင့်အလမ်းတစ်ခုအဖြစ် မှတ်ယူကာ မိမိ ရည်မှန်းချက် အောင်မြင်ရေးအတွက် ကြိုးပမ်းသင့်သည်ဟု မြင်သည်။

## တပ်မတော်၏ စစ်အာဏာသိမ်းယူမှုအပေါ် နိုင်ငံတကာ၏ သဘောထား

အာဏာသိမ်းစစ်ကောင်စီ (State Administration Council- SAC) သည် နိုင်ငံတကာ အသိအမှတ်ပြုရေး ကြိုးပမ်းမှုများရှိ သော်လည်း ယခုထိ မည်သည့်နိုင်ငံမှ တရားဝင်လက်ခံတွေ့ဆုံမှုမရှိခဲ့ပါ။ လက်ရှိကာလအထိ မည်သည့်

နိုင်ငံမှ ၎င်းတို့တရားဝင် အစိုးရအဖွဲ့ အစည်းတစ်ခု အဖြစ် အသိအမှတ်မပြုသေးပါ။

အာဆီယံမှ တရုတ်၏ အားပေး ထောက်ခံမှုဖြင့် စစ်ခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည် တို့အကြား ကြားဝင်စေ့စပ်ရေး ကြိုးစားသော်လည်း စစ်ခေါင်းဆောင်များငြင်းပယ်မှုကို ခံခဲ့ရပါသည်။ UN Special Envoy မှလည်း ကြားဝင်စေ့စပ်ရေးအတွက် ကြိုးစားဆောင်ရွက်နေသော်လည်း ကြိုးပမ်းမှု မအောင်မြင်ခဲ့ပါ။

ဖန်မှုမပြုခဲ့ဘဲမြန်မာဒီမိုကရေစီ လုပ်ငန်းစဉ်အား ထောက်ခံသည်ဟု ပြောကြားထားပါသည်။ သို့သော် နှစ်ဖက်တပ် များအကြား ဖွဲ့စည်းထားသည့် ထိုင်း–မြန်မာနယ်စပ်ညှိနှိုင်းရေး ကော်မတီမှတဆင့် ဒီမိုကရေစီရေး လှုပ်ရှားမှုမှ ထွက်ပြေးတိမ်းရှောင်လာသူများနှင့်အတူ မိမိတို့လှုပ်ရှားမှုများအား စောင့်ကြည့်ခြင်း၊ စသည်တို့ပြုလုပ်နေပါသည်။



အနောက်နိုင်ငံများသည် စစ်အုပ်စု အပေါ် ကန့်သတ်ပိတ်ဆို့မှုများ တိုးမြှင့်လုပ်ဆောင်နေခြင်း၊ သံတမန်အရ တရားဝင်မှု မပြုခြင်း တို့ဖြင့် တုန့်ပြန်ခဲ့ပါသည်။ သို့သော် နိုင်ငံတကာကုမ္ပဏီကြီးများမှ အနောက်နိုင်ငံအစိုးရများ၏ပိတ်ဆို့မှုများကြောင့် ဂုဏ်သိက္ခာ ဆိုင်ရာ ထိန်းသိမ်းရေး အခြေခံအပေါ် ပြန်လည်ထွက်ခွာရန် ပြင်ဆင်ချိန်၊ တရုတ်၊ ရုရှားနှင့် အန္တိယနိုင်ငံမှ ကုမ္ပဏီများသည် ထိုလစ်ဟာနေသည့် နေရာကို ဝင်ရောက်အစားထိုးရေး ကြိုးပမ်းမှုများလည်း တွေ့ရှိ ရပါသည်။

တရုတ်နိုင်ငံကမူ လက်ရှိနိုင်ငံရေး မတည်ငြိမ်မှု များသည် ၎င်းတို့၏စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများစွာ၏ တည်ငြိမ်ရေးကို ခြိမ်းခြောက်နေသည့်အတွက် လက်ရှိအနေအထားအပေါ်မလိုလားသော်လည်း UNSC-UN ၏ လုံခြုံရေးကောင်စီတွင် စစ်အုပ်စုဘက် ရပ်တည်ကာအကာအကွယ်ဆက်ပေး နေသည့် သဘောရှိ နေပါသည်။

တရုတ်၊ ရုရှား၊ အိန္ဒိယ၊ အင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ လာအို၊ ထိုင်း၊ ဗီယက်နမ် စသည့် နိုင်ငံ (၈) နိုင်ငံတို့သည် အာဏာသိမ်းမှု (၅၅) ရက်မြောက်နေ့ဖြစ်သော (၇၆) နှစ်မြောက်တပ်မတော်နေ့တွင် တက်ရောက်ခဲ့သည်ကို တွေ့ရမည် ဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် ၎င်းတို့ ကိုယ်တိုင်က စစ်အာဏာ သိမ်းယူသည့် အစိုးရ ဖြစ်သော်လည်း မြန်မာစစ်အုပ်စုကို ပွင့်ပွင့်လင်းလင်းဝေ

## လက်ရှိနိုင်ငံရေး အခြေအနေနှင့် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေးအခင်းအကျင်း

လက်ရှိတွင် အာဏာသိမ်း စစ်အုပ်စုသည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီကို အပြတ်ရှင်းလိုသည့် သဘောကို တွေ့ရသည်။ NLD ပါတီ ဥက္ကဌ ကို ဖမ်းဆီးပြီး နှစ်ရှည်ထောင်ဒဏ်ချနိုင်သော ပြစ်မှုပုဒ်မများတို့ဖြင့် တရားစွဲနိုင်ရန် ဖန်တီး၍ လုပ်ဆောင်နေမှုများတို့ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ တဖက်တွင် NLD ပါတီ၏ ဦးဆောင်မှုမှလည်း ၂၀၂၀ ရွေးကောက် ပွဲရလဒ်ကို အခြေခံပြီး တရားဝင် မှုကို ရယူလျှက် "ပြည်သူ့ လွှတ်တော် ကိုယ်စား ပြု ကော်မတီ – Committee for Representative Pyithu Lok Htaw – CRPH" ကို ဖွဲ့စည်းစေခဲ့ပြီး အာဏာသိမ်းစစ်အုပ်စု အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခြင်း၊ အာဏာသိမ်းစစ်အုပ်စုမှ ခန့်အပ်လိုက်သည့် အဆင့်ဆင့်သော အုပ်ချုပ် ရေးမှူးများကို လက်မ ခံဘဲ ပြည်သူ့ အုပ်ချုပ် ရေးကို ဖော်ဆောင် စေလျက် မိမိ အုပ်ချုပ် ရေးကို တည်ဆောက်ရန် ထုတ်ပြန် ထားခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်တော် လှန်ရေးအဖွဲ့အစည်း များအားလုံးကို ပြည်သူတို့ တုန့်ပြန် နေသည် တွေ့ရသည်။

၎င်းသတ်မှတ်အတည်ပြု ထားသည့် လုပ် ငန်းစဉ်များအား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများမှာ အောက်ပါအ တိုင်း ဖြစ်သည်။

၁။ ပြည်သူလူထုမှ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုကို အကြမ်းဖက် နှိပ်စက်၊ သတ်ဖြတ်၊ ဖမ်းဆီး ကိုယ်တွယ်မှုများကြောင့် ပြန်လည်တုန့်ပြန်သည့် လက်နက်ကိုင်တိုက်ပွဲများအသွင် ပေါင်းစပ်သွားနိုင်ခြင်း။

၂။ ပြည်တွင်းတက်ကြွသူ လူငယ်များမှ မိမိတို့ KNU အား စစ်သင်တန်းပေးအပ်ရေး တောင်းဆိုမှုများ ကျယ် လောင်လာခြင်း၊

၃။ သပိတ်လုပ်ငန်းများအပေါ် စစ်တပ်နှင့်ရဲတို့၏ နှိမ်နင်းမှုအင်အား လျော့နည်းသွား စေရေး အတွက် KNU မှ မိမိတို့ သက်ဆိုင်ရာ နယ်မြေတွင် စစ်ရေးလှုပ်ရှားမှုပြုလုပ်ရေး တောင်းဆိုမှုများ၊

၄။ အလျင်းသင့်သလို ထုတ်ပြန် ကြေညာချက် များဖြင့် ၎င်းသပိတ် လှုပ်ရှားမှု များအား ထောက် ခံမှု ပြုစေခြင်း၊

၅။ မိမိတပ်ဖွဲ့ဝင်များမှ သပိတ် စစ်ကြောင်းများကို အားပေး၊ ထောက်ကူ၊ အကာအကွယ်ပေးရေးကို ရည်ရွယ်သော Uniform ဝတ်ပါဝင်ခြင်းများသည် မတူညီသည့် တုံ့ပြန်မှုများ ဖြစ်ပေါ် လာ နိုင်ခြင်း၊

၆။ အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက်နှိမ်နင်းမှု များသည် တိုင်းပြည်အား ပြည်တွင်းစစ်သို့ ပို့ဆောင်သည် ဖက်ဆစ်လုပ်ရပ်အဖြစ် ပေါ်လွင်လာခြင်း၊

၇။ လက်ရှိပြည်တွင်း နိုင်ငံရေး အကျပ်အတည်းနှင့် အာဏာသိမ်း စစ်တပ်၏ အသွင်သဏ္ဍာန် ဆွေးနွေး ညှိနှိုင်းမှုငြင်းပယ်ပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်ပျောက် ဆုံးနေခြင်း၊

၈။ မိမိတို့ထံ လာရောက်ဆက်သွယ်၊ သင်တန်းတောင်းခံရေးအပေါ် တုံ့ပြန်မည့် လုပ်ငန်းစဉ်များအတွက် စနစ်တကျဖြစ်စေရေးသည် တောင်းဆိုသူများနှင့် အဖွဲ့အစည်းအကြား ကြီးမားသော စိန်ခေါ်မှုကို ပေါ်ပေါက်စေပြီး ရင်ဆိုင်ရနိုင်ခြေရှိခြင်း။

၉။ အာဏာသိမ်းစစ်တပ်မှ မိမိတို့ဒေသအတွင်း လာရောက်ခိုလှုံသည့် CDM (Civil Disobedient Movement) နှင့် သပိတ်ခေါင်းဆောင်များရောက်ရှိ၊ ခိုလှုံနေ သည့် သတင်းများကြောင့် မိမိနယ်မြေ တွင်း ဝင် ရောက်ကာ စစ်ဆေးလိုခြင်း၊ ဖမ်းဆီး လိုခြင်းများကြောင့် နှစ်ဖက်အကြား ထိပ်တိုက် ထိတွေ့ရင်ဆိုင်မှုများ ဖြစ်ပေါ် ခဲ့သလို ဆက်လက်၍လည်း အချိန်မရွေး ဖြစ်ပေါ် နိုင်ပါသည်။

(သူးလေသတင်း စာစောင်အတွဲ ၂ တွင်ဆက်လက်ဖော်ပြသွားမည်။

မှ – S4D

# ဘ၀တူစည်းလုံးမှုသည်သာ အဓိက

အဂ္ဂဖိုးချစ်

လူမျိုးစုလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအားလုံးနီဝင်ဘာလတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်း သို့မဟုတ် "ဝ"ဒေသပန်ဆန်းဌာနချုပ်တွင်တွေ့ဆုံဆွေးနွေးပွဲကြီးတစ်ရပ် ပြုလုပ်ရန်ရှိပါသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲတွင် အင်အားပိုမိုတောင့်တင်းသော အပစ်မရပ်သေးသည့် အဖွဲ့များ မပါဝင်ပါကပြီးဆုံး အောင်မြင်နိုင်ခြေ မရှိသည့် အတွက် လက်နက်ကိုင် အဖွဲ့အစည်း များ အား လုံးပါဝင်သည့် ဆွေးနွေးပွဲကို ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါဆွေး နွေးပွဲ အတွက်လိုအပ်ပါက မြန်မာအစိုးရ၊ ဗမာ့တပ်မတော် နှင့် မြန်မာ့လွှတ်တော်မှသွားရေး လာရေး၊ လုံခြုံရေးနဲ့နယ်စပ်ဖြတ် ကျော်ရေးကူညီပေးရန် အစိုးရအား အကူအညီ တောင်းခံထားသည်။

မိမိတို့အသာစီးရသည့် အခြေအနေများကို ကြားညှပ်သပ်လျှို ဖန်တီးနိုင်ခြေရှိပါက တောင်းခံသည့် အကူအညီများကို မြန်မာအစိုးရ၊ ဗမာ့တပ်မတော်နှင့် မြန်မာ့လွှတ်တော်တို့မှမလွဲမသွေထောက်ပံ့ကူညီ မည်ဟုခန့်မှန်းနားလည်နိုင်ပါသည်။ NCA သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသည့် အဖွဲ့များတွင် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုက ရက်တစ်တပ်ဦး (ABSDF)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ မွန်ပြည်သစ်ပါတီ (NM-SP)၊ လား ဟူဒီမိုက ရက် တစ် အစည်းအရုံး (LDU) ၊ တို့ပါ ဝင်သည်။



NCA စာချုပ်ကိုလက်မှတ် ရေးထိုးခြင်းမရှိသေးသောအဖွဲ့မှာ ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ FPNCC ဖြစ်သည်။ အဆိုပါ FPNCC ကိုစစ်အင်အား နှင့် ဘဏ္ဍာရေး တောင့်တင်းပြီး ဗမာ့တပ်မ တော်၏ ကယ်တင်ရှင် ဖြစ်ခဲ့သော ကျော့ကြီး ငါးကြီး အဖွဲ့ဝင် အိမ်နီးချင်း တရုတ်နိုင်ငံ၏ ဖေးဖေးမမ ဆက်ဆံရေး အဆင့်အတန်းကို တစ်စုံတစ်ရာ ရရှိထားသည့် "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) က ကမကထပြုသည်။

ဗမာ့တပ်မတော်၏မီးကုန်ယမ်းကုန်ထိုးစစ်အားရေမှတိုးသာနောက်မဆုတ်သာဖြစ်အောင် မာမာမတ်မတ် ခုခံတိုက်ခိုက်နေသည့်ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ မြန်မာအမျိုးသားများဒီမိုကရက်တစ်မဟာမိတ်တပ်မတော် ((MNDAA)၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA)၊ တအောင်း/ပလောင် အမျိုးသား လွတ်မြောက်ရေး တပ်မတော် (PSLF/TNLA)၊ ရခိုင့်တပ်မတော် (AA) တို့ပါဝင်ကြသဖြင့် လူမျိုးစု တော်လှန်ရေးအင်အားစုများအားလုံး (၇၀) ရာခိုင်နှုန်းခန့်ရှိသည့်အပြင် မြန်မာပြည်ကုန်းတွင်း နယ်နိမိတ် နှင့်ပင်လယ်ကမ်းခြေတစ်ဝက်ခန့်တွင်လည်း စစ်ရေးလှုပ်ရှားမှုကြီးငယ်များကိုစွမ်း ဆောင်နိုင်သည့်အဖွဲ့များ ဖြစ်ကြသည်။ ထို့ပြင် UNFC အဖွဲ့ဝင်များဖြစ်ကြသည့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)၊ ရခိုင်အမျိုး သားကောင်စီ (ANC) နှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN)တို့မှာလည်း NCA တွင် သဘောတူစာချုပ်ချုပ်ဆိုခြင်း မရှိကြသေးသဖြင့် မြန်မာအစိုးရမှ ဦးဆောင်ကာ ဗမာ့တပ်မတော်မှ ပွဲထိန်းထား သောမြန်မာငြိမ်းချမ်းရေး ပရိုဂျက်ကြီးကို NCA လက်မှတ်ထိုးထားသည့် လက်နက်ကိုင်အနည်းစုဖြင့် မရမက နိုင်ငံချုပ် အနိုင်ပိုင်း နိုင် မည့် အနေအထားသည် လုံးဝဖြစ်ပေါ် နေခြင်း မရှိသေးပါပေ။

အထက်ပါအနေအထားသည် ပြည်ပအကဲခတ်များ၏ မြင်ကွင်းတွင် မြန်မာအစိုးရကလူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းအနည်းအကျဉ်းမျှကို သာသိမ်းသွင်းခြေချုပ် ထားလိုက်နိုင်ရုံလောက် ဖြင့်ငြိမ်းချမ်းရေး အတွက် မျှော်လင့်ချက် မရှိ နိုင်သေးဆို သည့် ရုပ်ပုံကားချပ်ကြီးမှာ ထင်ရှား ပေါ်လွင်နေတော့သည်။ မြန်မာပြည်ငြိမ်းချမ်းရေး စီမံချက်များအတွက် ငွေကြေးနှင့်နည်းနာသွန်သင် ထောက်ပံ့ကူညီနေကြသော အနောက် နိုင်ငံများကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မျက်နှာဖုံးလုပ်ကာ စီးပွားရေး နယ်ပယ် လုယက်ချဲ့ထွင်မှု နှင့် တရုတ်ပြည်အဟုန်ပြင်းစွာ တိုးတက်လာမှုအင် အား ချိန်ခွင်လျှာထိန်းကျောင်းရေး အရေးတော်ပုံကြီး အား အတွင်းစာသားအဖြစ် အဓိကထားရေးသားပြုစုလျက်ရှိသည်။

သမိုင်းတစ်လျှောက်တွင် မည်သည့် အခါကမှ ကျေးဇူးသစ္စာတည်ကြည်မှုအစဉ်အလာ လုံးဝ မရှိခဲ့ဘူးသည့် ဗမာ့ တပ်မတော်သည် ကြားနေ ဟုဆိုလျက် အနောက်အုပ်စုနှင့်ပေါင်းကာ မိမိကို အချိန်မရွေးကလန်နိုင်သည် ကို တရုတ်ကလည်းကောင်းစွာနောကျေလျက်ရှိသဖြင့် ဗမာအစိုးရ နှင့် တပ်မတော်တို့၏ ဆန့်ကျင်ဘက် အင်အားစုဖြစ် သည့် FPNCC ကို မြန်မာအစိုးရအား ထိုးကျွေး ပစ်နိုင်သည့်အချိန်အခါ လုံးဝ မဟုတ်သေးပါပေ။ ထိုသို့ပြုရန် စဉ်းစားမိလိုက်ခြင်း ပင်လျှင် မရှိနိုင်ကြသေးပါပေ။

ဥရောပနိုင်ငံများက မြန်မာပြည်ကို ပြန်လည်ပိတ်ဆို့ဒဏ်ခတ်ရန် လေသံပစ်နေကြသော်လည်း အမေရိကန်ပြည် အာဏာရရီပတ်ဘလီကန်ပါတီကမူ မိမိတို့ ရင်းနှီးပျိုးထောင်လာခဲ့ကြသည့် ဒေါ်အောင်ဆန်းစုကြည် ကိုပစ်လိုက်ရန် နှမျောနေဆဲဖြစ်သည်။ ဗမာ့တပ်မတော်ကိုက မိမိဘက် တော်သားအဖြစ်ကိုင်တွင်ထိန်းချုပ်နိုင်ရန် အတွက် ဒေါ်စုသည် သာလျှင်တစ်ခု တည်းသော လှေကား ထစ်ဖြစ် လျက်ရှိနေ သေးသည်ဟု မျှော်လင့်နေကြဆဲဖြစ်သည်။

**"ဒေါ်စု၏ လက်ရှိအနေအထား အမှန်မှာမူ တပ်မတော်ကို ထိန်းကျောင်း မည့်အစား ၂၀၀၈ ဖွဲ့ စည်းပုံ ဥပဒေနှင့်အညီ တပ်မတော် အာဏာသိမ်းမည်ကို ကြောက် နေရသော ဘ၀ ဖြစ်နေ ခြင်း အား သူတို့ လည်း သိနေကြပါသည်။"**

